# အပတ်စဉ်ထုတ်ပြန်ချက် ၂၀၂၂ ခုနှစ် ဇွန်လ ၂၇ ရက်နေ့မှ ဇူလိုင်လ ၃ ရက်နေ့အထိ

အကျဉ်းချုပ်

လူ့အခွင့်အရေး
ချိုးဖောက်မှုများ

မြန်မာနိုင်ငံတွင်းမှ
ပဋိပက္ခများ

နေ့စွဲအလိုက် မှတ်တမ်းများ



အပတ်စဉ်ထုတ်ပြန်ချက်ကြည့်ရန်

# အကျဉ်းချုပ်

၂,၀၅၃+ သတ်ဖြတ်ခံရ

၁၄,၄၂၇+ ဖမ်းဆီးခံခဲ့ရ

၁၁,၃၆၂+ ချုပ်နှောင်ခံထားရဆဲ

## နိုင်ငံတကာ၏ အရေးယူဆောင်ရွက်မှုနှင့် ပြစ်တင်ရှုတ်ချမှုတို့ကို မြန်မာနိုင်ငံရှိ စစ်မက်တိုက်ပွဲများမှ တောင်းဆိုနေကြသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်အုပ်စုမှ အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည်မှာ ယခုဆိုလျှင် ၁၆ လပင် ရှိသွားခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံရှိ ပြည်သူများ၏ စိတ်ထဲတွင် ထာဝရ အမှတ်ရနေမည့် နေ့သည်လည်း နိုင်ငံတကာ အသိုက်အဝန်းတွင် ရှေ့ဆုံးမှ ရှိနေရမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ပြည်သူများ၏ ခုခံမှုနှင့် စစ်အာဏာရှင်ကို ဖြုတ်ချရန် ၎င်းတို့၏ ကြိုးပမ်းလုပ်ဆောင်မှုသည် မျှော်မှန်းထားသည်ထက် ကျော်လွန်နေပါသည်။ အထင်ရှားဆုံးသော အကျိုးအမြတ်များသည် မြေပြင်ပေါ်တွင် ဖြစ်ပျက်ခဲ့ပြီး၊ ဒေသခံလူထုများ၊ လူ့အခွင့်အရေး ကာကွယ်သူများ၊ တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ (EROs)၊ ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ (PDFs) နှင့် နောက်ကွယ်မှ ကူညီပံ့ပိုးသူများသည် ဒီမိုကရေစီရေး ကြိုးပမ်းမှုများကို ဦးဆောင် ပံ့ပိုးခဲ့ကြသည်။

အတိုက်အခံအင်အားစု၏ ပြင်းထန်ပြီး မဆုတ်မနစ်သော ဆန့်ကျင်မှုကို စစ်အုပ်စုသည် နှိမ်နှင်းသည့်အနေဖြင့် နွေဦးတော်လှန်ရေးကို အပြင်းအထန် ဖြိုခွင်းနေသောကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြင်းပြင်းထန်ထန် ရင်ဆိုင်နေရသည်။ အကြမ်းဖက် စစ်တပ်၏ထိတ်လန့်ဖွယ်ကောင်းသည့် လုပ်ရပ်များသည် လူသားမျိုးနွယ်စုများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ဖြစ်သော အရပ်သားများကို ထပ်ခါတလဲလဲ တိုက်ခိုက်မှုများဖြစ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် တွမ်အင်ဒရူးစ်မှ ၎င်း၏ သဘောထား ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ ထုတ်ပြန်ချက်တွင် စစ်အုပ်စုအား အကြမ်းဖက်အဖွဲ့အစည်းဟု သတ်မှတ်ရန် ဥပဒေသတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း တွေ့ရှိရပါသည်။

စစ်အုပ်စုသည် အင်အားနည်းလာသည်။ ဘက်ပြောင်းထွက်ပြေးလာသူများမှလည်း စစ်အုပ်စုသည် ငယ်ရွယ်သူများ၊ အလုပ်လက်မဲ့များနှင့် အခြားအခွင့်အလမ်းမရှိသူများအား တပ်သားသစ် စုဆောင်းနေကြောင်း ထုတ်ဖော်ပြောဆိုထားသည်။ စစ်အုပ်စုအား ပြည်သူများ တခဲနက် ဆန့်ကျင်နေသောကြောင့် စိတ်ဓါတ်ရေးရာနိမ့်ပါးနေသည်။ အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်မှ စွန့်ခွာလာသည့် စစ်သည်ဟောင်းများ ၏ ပြောကြားချက်အရ စစ်တပ်ထဲတွင် ကျန်ရှိနေသေးသော သူများသည်လည်း မကျေမနပ် ဖြစ်နေကြသည်။ စစ်တပ်ထဲတွင် ပိတ်နေသော စစ်သည်များသည် ခံစားချက်များကို မျှဝေခဲ့သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ဆက်တိုက် ပျက်ပြားနေသည့်အတွက် စစ်အုပ်စုအပေါ် မယုံကြည်ထိုက်ကြောင်း သက်သေပြထားသော မှတ်တမ်းတစ်ခုရှိသည်။သို့သော် “ငြိမ်းချမ်းရေး”ဆွေးနွေးရန် ကမ်းလှမ်းမှုများနှင့် လက်နက်ကိုင်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို လက်နက်ချရန် တောင်းဆိုမှုတို့သည် ၎င်းတို့၏ အားနည်းမှုကို သက်သေပြနေသည်။

သို့သော်လည်း အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ပြီး ရက်စက်ကြမ်းကြုတ်သည့် ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ စစ်သားများ၏ သတ်ဖြတ်မှုများအကြောင်း ဂုဏ်ယူစွာ ကြွားလုံးထုတ်နေသည့် အထောက်အထားများပါရှိသော လက်ကိုင်ဖုန်းတစ်လုံးသည် စစ်အာဏာရှင်၏ ရက်စက်ကြမ်းကြုတ်စွာ ချိုးဖောက်ဆဲဖြစ်သည့် အမှောင်ထဲမှ သက်သေအထောက်အထားများ ဖြစ်သည်။

ခုခံတော်လှန်ရေးအားကောင်းသော်လည်း အကူအညီအထောက်အပံ့များ ပိုလိုအပ်နေသည်။ စစ်အုပ်စု လိုလားသော ပြည်သူ့စစ်များ ပေါ်ပေါက်လာပါက အရေးတကြီးဆောင်ရွက်ရမည့် အရပ်သားတို့၏ ဘေးကင်းလုံခြုံရေးကို ပို၍ ခြိမ်းခြောက်လာမည် ဖြစ်သည်။ ၎င်းတို့၏ ရပ်ရွာ အသိုင်းအဝိုင်းအား ကာကွယ်စောင့်ရှောက်နေပြီး မတရား အာဏာရယူထားသည့် စစ်အာဏာရှင်တို့အား တွန်းလှန်နေသည့် PDFs နှင့် EROs များအား အပြည့်အစုံ တပ်ဆင်ပေးနိုင်ရန်အတွက် အမျိုးသားညီညွတ်ရေးအစိုးရ NUG အားပံ့ပိုးပေးရမည်ဖြစ်သည်

# လူ့အခွင့်အရေးချိုးဖောက်မှုများ

အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်း
နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခြင်း
စီးနင်းတိုက်ခိုက်ခြင်း

**ချင်းပြည်နယ် မင်းတပ်မြို့နယ် ချပ်ကျေးရွာ –** ဇူလိုင်လ ၂ ရက်နေ့တွင် စစ်တပ်၏ လေကြောင်း တိုက်ခိုက်မှုများကြောင့် အရပ်သား လေးဦးအထိ သေဆုံးခဲ့ကြောင်း ချင်းလူ့အခွင့်အရေး အဖွဲ့မှထုတ်ပြန်ခဲ့သည်။ စစ်တပ်သည် စစ်ဘေးရှောင် အများအပြား ခိုလှုံနေသည့် ဘုရားကျောင်းနှင့် စာသင်ကျောင်းဝင်းအတွင်း အဓိက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်လုံမြို့နယ်–** မြန်မာစစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားသည့် ဇနီးမောင်နှံနှစ်ဦးကို ကြိုးတုပ်ကာ အနီးကပ် ပစ်သတ်ခဲ့သည်။ ဦးခေါင်း၊ မျက်လုံး၊ အစာအိမ်နှင့် နောက်ကျောတို့ကို အနီးကပ်ပစ်ခတ်ခံခဲ့ရသည်။

**ချင်းပြည်နယ် မင်းတပ်မြို့နယ် –** ချင်းပြည်နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် အကြမ်းဖက်စစ်တပ်ကြားတိုက်ပွဲများကြားတွင် စစ်တပ်မှ မော်တာကျည်များဖြင့် ပစ်ခတ်မှုကြောင့် ဆယ်ကျော်သက်တစ်ဦး သေဆုံးခဲ့သည်။

**စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်–** ရက်သတ္တပတ်များအတွင်း စစ်တပ်မှ ဝင်ရောက်စီးနင်းပြီးနောက် အနည်းဆုံး အရပ်သား ကိုးဦး သေဆုံးခဲ့သည်။ ဇွန်လ ၁၅ ရက်မှ ၂၅ ရက်အထိ စစ်တပ်များ၏ စီးနင်းတိုက်ခိုက်မှုကြောင့် လုံးတော်၊ မိုးကြီးပြင် (မြောက်)၊ တန်နှင့် ဖောင်ကတာကျေးရွာတွင် နေထိုင်သူ ၇ ဦး သေဆုံးပြီး ၃ ဦး ပျောက်ဆုံးနေသည်။

**ရှမ်းပြည်တောင်ပိုင်း ရွာငံမြို့နယ်–** ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDFနှင့် ဆက်နွယ်သည်ဟု သံသယရှိသော အရပ်သား ခုနစ်ဦးကို စစ်တပ်မှ ဖမ်းဆီးခဲ့သည်။ ရွာများကို ဝင်ရောက်စီးနင်းကာ နေအိမ်များ ဖျက်ဆီးခဲ့သောကြောင့် ဒေသခံများ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

# မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

မြန်မာနိုင်ငံတွင် ထွက်ပြေးတိမ်းရှောင်သူ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ် ဦးရေသည် ပထမဆုံး အကြိမ် တစ်သန်းကျော်သွားပြီဖြစ်သည်။

## ကရင်ပြည်နယ်

စစ်အာဏာရှင်တပ်သည် ကရင်ပြည်နယ်ရှိ အရပ်သားဒေသများတွင် အဆက်မပြတ် လေကြောင်းတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။ ဒေသခံ ကရင်လူ့အခွင့်အရေး အဖွဲ့များ၏ ထုတ်ပြန်ချက်အရ ဇွန်လ ၂၇ ရက်နေ့ ကရင်ပြည်နယ် မြဝတီမြို့ တောင်ဘက်တွင် လက်နက်ကိုင် တော်လှန်ရေး အဖွဲ့များကို အကြမ်းဖက်စစ်တပ်မှ တစ်နာရီခန့် ပစ်ခတ် တိုက်ခိုက်ခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## ကယား (ကရင်နီ) ပြည်နယ်

ကရင်နီပြည်နယ်အတွင်း လက်နက်ကိုင် ပဋိပက္ခများကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရခဲ့သည်။ အပြစ်မဲ့ပြည်သူများသည် အကြမ်းဖက်မှုများဖြင့် နှောင့်ယှက်ခံနေရသည်။ ဒေသခံများသည် အကြိမ်ပေါင်းများစွာ ရွှေ့ပြောင်းတိမ်းရှောင်ခဲ့ရပြီး ၎င်းတို့ ဘေးကင်းလုံခြုံရေးအတွက် ခိုလှုံနေသော ယာယီတဲများနှင့် စစ်ဘေးရှောင်စခန်းများသည်ပင် တိုက်ခိုက်ခံခဲ့ရသည်။

**ထပ်မံဖတ်ရှုရန်**

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပို၍ဆိုးရွားလာသည်။ ရက္ခိုင့်တပ်တော် (AA) နှင့် မြန်မာစစ်တပ်တို့အကြား တင်းမာမှုများကြားတွင် မြန်မာတပ်သားများ ပျောက်ဆုံးနေပြီး စစ်တပ်မှလည်း အရပ်သားများကို ဓါးစာခံအဖြစ် ဖမ်းဆီးကာ တုံ့ပြန်ခြင်းဖြင့် အပြန်အလှန်ဖမ်းဆီးမှုများရှိနေသည်။

**ထပ်မံဖတ်ရှုရန်**



# ကရင်ပြည်နယ်

စစ်အာဏာရှင်တပ်သည် ကရင်ပြည်နယ်ရှိ အရပ်သားဒေသများတွင် အဆက်မပြတ် လေကြောင်းတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။ ဒေသခံ ကရင်လူ့အခွင့်အရေး အဖွဲ့များ၏ ထုတ်ပြန်ချက်အရ ဇွန်လ ၂၇ ရက်နေ့ ကရင်ပြည်နယ် မြဝတီမြို့ တောင်ဘက်တွင် လက်နက်ကိုင် တော်လှန်ရေး အဖွဲ့များကို အကြမ်းဖက်စစ်တပ်မှ တစ်နာရီခန့် ပစ်ခတ် တိုက်ခိုက်ခဲ့သည်။ ဗီဒီယိုဖိုင်တစ်ခုတွင် ကရင်အရပ်သားများသည် အသက်ဘေးလွတ်ရန် ထွက်ပြေးနေရသည်ကို တွေ့ရှိရသည်။ ဇူလိုင်လ ၁ ရက်နေ့တွင် ထပ်မံ၍ ဒူးပလာယာခရိုင် သေဘောဘိုးကျေးရွာကို လေကြောင်းမှ တိုက်ခိုက်မှုများ ထပ်မံပြုလုပ်ခဲ့သည်။  အကြမ်းဖက်စစ်တပ်၏ ထိုးစစ်များ တိုးမြင့်လာမှုကြောင့် ကလေးငယ် နှစ်ဦးအပါအဝင် အနည်းဆုံး လူ ၁၃ ဦး သေဆုံးခဲ့သည်။ နိုင်ငံတကာ ကရင်အဖွဲ့အစည်းများမှ အရပ်သားများ၏ အသက်အန္တရာယ်ကို နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသောကြောင့် မြန်မာနိုင်ငံတွင် ပိုမိုဆိုးရွားလာသည့် အကျပ်အတည်းကို အရှိန်အဟုန်ဖြင့် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ရန် နိုင်ငံတကာအသိုင်းအဝိုင်းကို တောင်းဆိုထားသည်။

ND–Burma ၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM)၏ ထုတ်ပြန်ချက်အရ ဒူးပလာယာအရှေ့တောင်ပိုင်းရှိ အစိုးရတပ်များသည် ရွာခုနစ်ရွာကို ပစ်မှတ်ထားပြီး လက်နက်ကြီး ၅၀ ထက်မနည်း ပစ်ခတ်ခဲ့သည်။ ထိုပစ်ခတ်မှုသည် ၂၀၂၂ ခုနှစ် ဇွန်လ ၂၉ ရက်နှင့် ဇွန်လ ၃၀ ရက် နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့သည်။ ပျက်စီးမှုနှင့် ဒဏ်ရာရရှိမှုအသေးစိတ်အချက်အလက်များကို ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများသည် မြေပြင်အခြေအနေများကို တုံ့ပြန်နေရသောကြောင့် ချက်ခြင်းမသိရှိရသေးကြောင်း HURFOM မှ ပြောကြားခဲ့သည်။ ဒေသခံ အနည်းဆုံး ၅၀၀ ခန့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရကာ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း ကျောက်ကြီးမြို့နယ် တိုက်ပွဲများ ဖြစ်ပွားပြီးနောက်ထပ် ဒေသခံ ၁၀,၀၀၀ ခန့်  နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်ဟု ကရင်အမျိုးသား အစည်းအရုံးမှ ပြောဆိုခဲ့သည်။

တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်လာသော ရွာသူရွာသားများ၏ ပြောကြားချက်အရ လေကြောင်းမှ တိုက်ခိုက်ခဲ့သည့် နေ့များအတွင်း တိုက်ခိုက်မှုပေါင်း တစ်ဒါဇင်နီးပါး ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အရပ်သားများသေဆုံးသော အကြမ်းဖက်စစ်တပ်နှင့် ကရင်လက်နက်ကိုင်အဖွဲ့များကြား တိုက်ပွဲများ ပိုမိုပြင်းထန်လာသဖြင့် စစ်တပ်သည် စစ်ကူများ ဖြည့်တင်းရန် ကြိုးပမ်းနေသည်။ တိုက်ပွဲများအတွင်း လက်နက်ကြီးများဖြင့် ပြင်းထန်စွာတိုက်ခိုက်မှုများအပြင် ဓာတုလက်နက်များကိုပါ အသုံးပြုခဲ့ခြင်းကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအား အရေးယူဆောင်ရွက်မှုများနှင့် ပစ်တင်ရှုတ်ချမှုများပြုလုပ်ရန် တောင်းဆိုခဲ့ကြသည်။



# ကယား (ကရင်နီ) ပြည်နယ်

ကရင်နီပြည်နယ်အတွင်း လက်နက်ကိုင် ပဋိပက္ခများကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရခဲ့သည်။ အပြစ်မဲ့ပြည်သူများသည် အကြမ်းဖက်မှုများဖြင့် နှောင့်ယှက်ခံနေရသည်။ ဒေသခံများသည် အကြိမ်ပေါင်းများစွာ ရွှေ့ပြောင်းတိမ်းရှောင်ခဲ့ရပြီး ၎င်းတို့ ဘေးကင်းလုံခြုံရေးအတွက် ခိုလှုံနေသော ယာယီတဲများနှင့် စစ်ဘေးရှောင်စခန်းများသည်ပင် တိုက်ခိုက်ခံခဲ့ရသည်။ အသက်မွေးဝမ်းကျောင်းမှု ဆုံးရှုံးခဲ့ရသူများနှင့် မိသားစုဝင်များ သေဆုံးခဲ့ရသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကြိုးပမ်းနေကြသော အဖွဲ့အစည်းများသည် ဆုံးရှုံးမှုများစွာကြား နှစ်သိမ့်အကြံပေးမှုများ ပေးနိုင်ရန် ရုန်းကန်နေကြရသည်။ ဒေသခံပြည်သူများ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကြောင့် စိတ်ဓာတ်ကျကာ ရှင်သန်ရန် ကြိုးစားရုန်းကန်နေကြရသည်။ ဒေသခံများသည် ၎င်းတို့၏ ပတ်ဝန်းကျင်တွင် “သေနတ်ဒဏ်ရာများ၊ သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသော အလောင်းများကိုမြင်ဖူးနေကျဖြစ်ပြီး လက်နက်ကြီးနှင့် သေနတ်ပစ်သံများနှင့် ပေါက်ကွဲသံများကို ကြားနေကျ ဖြစ်သည်ဟု လူထုကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကွန်ယက် CHDN ၏ ဒါရိုက်တာ ခွန်းဖိလစ်မှ ကန္တာရဝတီတိုင်း(မ်)သို့ ပြောကြားခဲ့သည်။

အသက်မွေးဝမ်းကျောင်းမှု ဆုံးရှုံးခဲ့ရသူများနှင့် ချစ်ရသူ သေဆုံးခဲ့ရသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကြိုးပမ်းခဲ့ကြသော အဖွဲ့အစည်းများသည် ဆုံးရှုံးမှုများစွာကြားတွင် အကြံဉာဏ်များ ပေးနိုင်ရန် ရုန်းကန်နေကြရသည်။ ရွာသူရွာသားများ ကြုံတွေ့ခဲ့ရသည့် ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ အဆိုအရ ကရင်နီပြည်နယ်အတွင်း တိုက်ပွဲများကြောင့် လူပေါင်း ၂၀၀,၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ၆၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများနှင့် ကလေးသူငယ်များဖြစ်သည်။ ကရင်နီလူ့အခွင့်အရေးအဖွဲ့၏ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် ဇွန်လ ၁၃ ရက်မှ ၁၄ ရက်အတွင်း အရပ်သားနေအိမ်များနှင့် ဘုရားရှိခိုးကျောင်းများ ဖျက်ဆီးခံရမှု ပိုမိုဖြစ်ပွားခဲ့သည်။



# ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပို၍ဆိုးရွားလာသည်။ ရက္ခိုင့်တပ်တော် (AA) နှင့် မြန်မာစစ်တပ်တို့အကြား တင်းမာမှုများကြားတွင် မြန်မာတပ်သားများ ပျောက်ဆုံးနေပြီး စစ်တပ်မှလည်း အရပ်သားများကို ဓားစာခံအဖြစ် ဖမ်းဆီးကာ တုံ့ပြန်ခြင်းဖြင့် အပြန်အလှန်ဖမ်းဆီးမှုများရှိနေသည်။ ဗိုလ်ကြီးတစ်ဦး အပါအဝင် မြန်မာစစ်သားများ AA ၏ ဖမ်းဆီးခြင်းကို ခံရပြီးနောက် စစ်တွေတွင် ဒေသခံ တစ်ဒါဇင်ကျော် စစ်တပ်၏ ဖမ်းဆီးခေါ်ဆောင်ခြင်း ခံခဲ့ရသည်။

အကြောင်းပြချက်မရှိဘဲ ဖမ်းဆီးခေါ်ဆောင်သွားသည့် အမျိုးသားတစ်ဦးလည်း အပါအဝင် ရမ်းသမ်းဖမ်းဆီးမှုများလည်း ဖြစ်ပွားခဲ့သည်။ မြောက်ဦးတွင် စစ်ထောက်လှမ်းရေး အရာရှိ သုံးဦးကို ရှာမတွေ့သဖြင့် လူ ၂ ဒါဇင်ကျော် ဖမ်းဆီးခံခဲ့ရသည်။ ယာယီစစ်ဘေးရှောင်စခန်းများတွင် ခိုလှုံနေကြရသော ပြည်တွင်းနေရပ်စွန့်ခွာသူများ (IDP) သည် စားနပ်ရိက္ခာရှားပါးမှုကြောင့် အသက်စွန့်ကာ တောတောင်များတွင်  အစားအသောက်ကို ရှာဖွေနေကြရသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းအားဖြင့် မြေမြှုပ်မိုင်းကြောင့် သေဆုံးသူ သို့မဟုတ် ထိခိုက်ဒဏ်ရာရသူဦးရေသည်လည်း တိုးလာနေသည်။ ဇွန် ၁၄ ရက်နေ့တွင်  မှျစ်ရှာနေသော အမျိုးသားတစ်ဦးသည် မြေမြှုပ်မိုင်းကြောင့် သေဆုံးခဲ့ရသည်။ ရက္ခိုင့်တပ်တော်နှင့် မြန်မာစစ်တပ်တို့အကြား တိုက်ပွဲများကြောင့် နှစ်နှစ်ကြာ တိုက်ပွဲများအတွင်း လူ ၂၀၀,၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

# နေ့စွဲအလိုက် မှတ်တမ်းများ

ဇွန်လ ၂၇ ရက်နေ့မှ ဇူလိုင်လ ၃ ရက်နေ့ အထိ

## ဇွန်လ

**၂၇**
၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်မှ ၂၅ ရက်အတွင်း စစ်အာဏာရှင်တပ်တို့ ၏ မီးရှို့မှု ကြောင့် ဒေသအတွင်း နေအိမ်များ ပျက်စီးဆုံးရှုံးမှု တန်ဖိုး မြန်မာကျပ်ငွေ ၆၄၇ သိန်း (အမေရိကန်ဒေါ်လာ ၃၅၀၀၀) ဆုံးရှုံးခဲ့ ကြောင်း လောင်လုံမြို့နယ် ပြည်သူ့ အုပ်ချုပ်ရေး အဖွဲ့မှ ကြေညာသည်။

**၂၈**
ကရင်ပြည်နယ် ဒူးပလာယာခရိုင်အတွင်း အကြမ်းဖက်စစ်တပ်မှ လေကြောင်းဖြင့် တိုက်ခိုက်ခဲ့သည်။

**၂၉**
ဖမ်းဆီးခံထားရသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရန် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ပရက်ဆော့ခွန်သည် စစ်အုပ်စုကို တိုက်တွန်းခဲ့သည်။ ကမ္ဘောဒီးယားနှင့် အာဆီယံ တစ်ခုလုံးသည် မြန်မာနိုင်ငံ အခြေအနေကို အရေးပေါ်တုံ့ပြန်ရာတွင် သိသာထင်ရှားသော အားနည်းချက်များ ရှိသောကြောင့် ဝေဖန်မှုများ ထွက်ပေါ်လာသည်။

**၃၀**
ဖမ်းဆီးခံထားရသော ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါက်တာမျိုးအောင်တို့အပြင် အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးမင်းသူတို့အား ၎င်းတို့ကို ချုပ်နှောင်ထားသော နေပြည်တော်ရှိတွင် ထပ်တိုးအမှု စွဲဆိုထားသည်။

## ဇူလိုင်လ

**၁**
မြန်မာနိုင်ငံ ကရင်ပြည်နယ်အတွင်း ဆိုးရွားနေသည့် အခြေအနေများအား နိုင်ငံတကာအသိုင်းအဝိုင်းမှအရေးတကြီး အရေးယူဆောင်ရွက်ရန် နိုင်ငံတကာကရင်အဖွဲ့အစည်းမှ ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။

**၂**
ထိုင်းလေပိုင်နက်အတွင်း မြန်မာစစ်တပ်၏ တိုက်လေယာဉ် ဝင်ရောက်လာမှုကြောင့် တခွဲ်ခရိုင်ရှိကျောင်းသားများကို ၎င်းတို့၏ ကျောင်းများတွင် ကတုတ်ကျင်းများတွင် ခိုလှုံခဲ့ရမှုနှင့် ပတ်သက်၍ အာဆီယံ အရပ်ဘက် လူမှုအဖွဲ့အစည်းများက ကြေညာချက် ထုတ်ပြန်ခဲ့သည်။

**၃**
အတိုက်အခံအင်အားစုများနှင့် ပြန်လည်ပေါင်းစည်းရန် တရုတ် နိုင်ငံခြားရေးဝန်ကြီးက စစ်အုပ်စုကို တောင်းဆိုခဲ့သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma